# အမျိုးသမီးများဆိုင်ရာ အချက်အလက်

## ၂၀၂၃ ခုနှစ် ဩဂုတ် လ

Women's Information _ Fact Sheet

၂၀၂၃ ခုနှစ် ဩဂုတ်လ အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီး အရေအတွက် တိုးလာလျှက်ရှိသကဲ့သို့ သေဆုံးသူ အမျိုးသမီး အရေအတွက်သည်လည်း တဟုန်ထိုး မြင့်တက်လာလျှက်ရှိသည်။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန် ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ စ၍ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့ထိ အကြမ်းဖက်စစ်တပ်၏ မတရား ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီး စုစုပေါင်း **(၃၄၄၀) ဦး** ထိ ရှိခဲ့သည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းခံ ထားရသည့် အမျိုးသမီး **(၅၇၅) ဦး** သည် မတရားပြစ်ဒဏ်ချမှတ်ခြင်းကို ခံနေကြရသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းတွင် အကြမ်းဖက်စစ်တပ်၏ တဖက်သတ်အမိန့်ချ၍ ထောင်ဒဏ်ချခံရသည့် အမျိုးသမီး **(၂) ဦး**ထိ ရှိခဲ့သည်။







၂၀၂၃ ခုနှစ် ဩဂုတ်လ အတွင်း ဖမ်းဆီးခံရသူအများစုသည် မည်သည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးသည်ကို အတည်ပြုနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ အချို့အမျိုးသမီးများသည် တော်လှန်ရေး လက်နက်ကိုင် အဖွဲ့များကို ထောက်ခံသည့် အရေးအသားများ ရေးသားခြင်း နှင့် ထောက်ပံ့ခြင်း၊ သတင်းအမှားဖြန့်ဝေခြင်း နှင့် ၈၈ အရေးအခင်း အထိမ်းအမှတ် ဓာတ်ပုံကမ်ပိန်းတွင် ပါဝင်ခြင်း စသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ထို့အပြင် အချို့သော ပရဟိတခေါင်းဆောင် အမျိုးသမီးများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသည့် နိုင်ငံရေးပါတီမှ ခေါင်းဆောင်အမျိုးသမီးများ ထပ်မံဖမ်းဆီးခံရမှုများလည်းရှိသည်။

ဩဂုတ် ၁ ရက်နေ့မှ ၂၉ ရက်နေ့ အတွင်း အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီး စုစုပေါင်း **(၂၄) ဦး** ထိရှိခဲ့သည်။ ထိုသို့ ဖမ်းဆီးခံထားရသည့် အမျိုးသမီးများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော် နှင့် မွန်ပြည်နယ် တို့မှဖြစ်သည်။ ဖမ်းဆီးခံရသူများတွင် မန္တလေးတိုင်းမှ **(၁၀) ဦး** ဖြင့် အများဆုံးဖြစ်၍ **(၅) ဦး**ဖြင့် စစ်ကိုင်းတိုင်း သည် ဒုတိယ အများဆုံးဖြစ်သည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှု ကာလအတွင်း အမျိုးသမီးစုစုပေါင်း **(၆၀၂) ဦး** အသက် ဆုံးရှုံးခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့ မှ (၂၉) ရက်နေ့အတွင်းတွင် အမျိုးသမီး **(၁၃) ဦး** ထိ သေဆုံးခဲ့ရသည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး **(၆) ဦး** သည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေအိမ်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီး **(၂) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ကျန် **(၃)** ဦးသည် ဝေဟင်မှ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဖြစ်၍ **(၁) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာများသို့ ဝင်ရောက်၍ အရှင်လတ်လတ်မီးရှို့ သတ်ဖြတ်ခံရခြင်း ဖြစ်သည်။ အခြား **(၁)ဦး** မှာ အကြမ်းဖက်စစ်တပ်၏ မုဒိမ်းကျင့် သတ်ဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။







ယခုအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အချက်အလက်များကို အဓိက မှီငြမ်း ကိုးကားထားသည့်အပြင် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်း အချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ပြန်လည်စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင်အခြေ အနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများ ရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။